# လူနှေ

# တက္ကသိုလ်(၆)ခု

# အခန်း (၁)

(-)

တက္ကသိုလ်တစ်ခုရှိ ကျောင်းသားတစ်ဦးသည် စာသင်ခန်းမှထွက်ကာ စာကြည့်တိုက် သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ဆရာမ ရှာဖတ်ခိုင်းထားသည့် စာအုပ်များ မရှာရသေးသော ကြောင့် စာကြည့်တိုက်သို့ အလောတကြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

လက်ထဲက Note Book ကို ဖွင့်ကြည့်ကာ ရှာရမည့် စာအုပ်စာရင်းကို တစ်ချက်ပြန်စစ် ကြည့်သည်။

ထမင်းစားချိန် ဖြစ်သော ကြောင့် စာကြည့်တိုက်ထဲတွင် လူရှင်းနေလေသည်။ တစ်ဦး တည်းရှိသော စာကြည့်တိုက်မှူး ကလည်း စာအုပ်တစ်အုပ်နှင့် ငြိမ်နေလေ၏ ။ စာကြည့်တိုက် မှာ နှစ် ပိုင်းခွဲထားသော ကြောင့် ပထမအပိုင်းရှိ စာအုပ်များ ကို စရှာကြည့်သည်။ အပေါ်ဆုံး တန်း၌ လိုချင်သော စာအုပ်ကို တွေ့သော ကြောင့် လှမ်းယူလိုက်သည်။ စာအုပ်စာရင်းကို ပြန် ကြည့်ရသည်။ နောက်ဆုံးတစ်အုပ်ကို ရှာလို့မတွေ့သေးကြောင့် ဒုတိယအပိုင်း ဖြစ်သည့် အခြားဘက်အခန်းတွင် ရှာရမည် ဟု စဉ်းစားလိုက်သည်။ ရှာပြီးသား စာအုပ်များ ကို စာကြည့် တိုက်မှူး က ကောင်တာတွင် တင်လိုက်ပြီး -

"ဆရာ၊ ဒီစာအုပ် ဘယ်မှာ ရှိလဲမသိဘူး"

စာကြည့်တိုက်မှူး က စာအုပ်နာမည် ကို တစ်ချက်ကြည့်ပြီး

"ဟိုဘက်အခန်းမှာ ရှိလိမ့်မယ်"

ဟုဆိုသည်။

ထို့ကြောင့် ရှာပြီးသားစာအုပ်များ ကို ခဏထားပြီး စာကြည့်တိုက်

တစ်ဖက်ခန်းရှိရာသို့ သွားလိုက်ပါသည်။ တံခါးနားရောက်သော အခါ တံခါးကို ဆွဲဖွင့်လိုက်၏

။

"ဟင်"

စာကြည့်တိုက် ဒုတိယအခန်းထဲတွင် ရေများ ပြည့်လျှံနေလေသည်။



ရေများ ကိုကြည့်ပြီး ကျောင်းသားမှာ အထိတ်တလန့် ဖြစ်သွားပြီး -

"စာကြည့်တိုက်မှူး ၊ စာကြည့်တိုက်မှူး "

ဟု အလန့်တကြား အော်လိုက်လေသည်။

"ဟေ .. ဘာ ဖြစ်တာလဲကွ"

"ရေ .... ရေတွေ ၊ အများ ကြီးပဲ"

"ဘယ်လို"